**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**ကြေညာချက်အမှတ် ( ၄ / ၂၀၂၀)**

**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၇ ) ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက် )**

**နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသို့ အသိပေးကြေညာချက်**

၁။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) နှင့် ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) တို့ကိုထုတ်ပြန်၍ ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ် ပြုလုပ်ရာ၌ နိုင်ငံခြားသားများပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ (SECM Website တွင်ရယူနိုင်ပါသည်)

၂။ ညွှန်ကြားချက်အမှတ် (၁/၂၀၂၀)၏အပိုဒ်၃(ဂ)အရ ရင်းနှီးမြှုပ်နှံလိုသည့်နိုင်ငံခြားသားများ(တစ်ဦးချင်းနှင့်အဖွဲ့အစည်းများအပါအဝင်) အနေဖြင့် ပထမဦးစွာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသို့သွားရောက်၍ထောက်ခံစာရယူရန်လိုအပ်ပါသည်။ ယင်းနောက် ပြည်တွင်း၌နေထိုင်သူဖြစ်ပါက Resident Kyat Account for Securities (R-KAS) နှင့် ပြည်ပတွင်နေထိုင်သူ ဖြစ်ပါက Non-resident Kyat Account for Securities (N-KAS) နှင့် Non-resident Foreign Currency Account for Securities (N-FAS) ဘဏ်စာရင်းများဖွင့်လှစ်ပြီးမှသာ Securities Company များတွင် Securities Account များ ဖွင့်လှစ်ရန်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို ရင်းနှီးမြှုပ်နှံလိုသည့် နိုင်ငံခြားသားများအနေဖြင့် ကော်မရှင်မှ သတ်မှတ်ထားသည့် ဘဏ်စာရင်းများအသီးသီးဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ကြပါရန် မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်